# မိုဘိုင်းစခန်းများ တည်ဆောက်ခြင်းစီမံကိန်း လုပ်ငန်းအခြေအနေကို အသိပေးကြေညာခြင်း

တီအမ်အိတ်ချ်တယ်လီကွန်းကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့သည် လုပ်ငန်းအလားအလာညွှန်းတမ်းပါ စာမျက်နှာ (၄၅) တွင်ဖော်ပြထားသည့် အပိုင်း (၂) အခန်း (၂-၉-) **"အစုရှယ်ယာရောင်းရငွေကို အသုံးပြုမည့် အစီအစဉ်များဇယား"** တွင်ဖော်ပြခဲ့ပြီးဖြစ်သည့် မိုဘိုင်းတာဝါတိုင်တည်ဆောက်ခြင်းနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။ ကုမ္ပဏီသည် လက်ရှိအချိန်တွင် စီမံကိန်းလုပ်ငန်း၏ ၅၀% ပြီးစီးပြီဖြစ်ပါသည်။ အဆိုပါစီမံကိန်းလုပ်ငန်းကို မြန်မာနိုင်ငံ၏ စတုတ္ထမြောက် တယ်လီဖုန်းအော်ပရေတာဖြစ်သော **Mytel** ကုမ္ပဏီ၏ မိုဘိုင်းတာဝါတိုင်စခန်းများကို တည်ဆောက်ရန် TMH Telecom Public Co., Ltdနှင့် Star high Co.,Ltd တို့က ၂၀၁၇ခုနှစ်၊ အောက်တိုဘာလတွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ အလားအလာညွှန်းတမ်းတွင်ဖော်ပြချက်အရ စခန်း ၁၂၈ ခု ဖြစ်သော်လည်း လက်ရှိတွင် ထပ်တိုးစခန်းများအပါအဝင် စုစုပေါင်းစခန်း (၁၄၀) ခု ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စခန်းပေါင်း ၁၄၀ ခုကို ရန်ကုန်တိုင်း ၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တီအမ်အိတ်ချ်ကုမ္ပဏီသည် အဆိုပါစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်ပြီးအောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖောင်ဆောင်ရွက်လျက်ရှိပါသည်။

၁။ တာဝါဖောင်ဒေးရှင်းတည်ဆောက်ခြင်း၊ BTSစက်ခန်းတည်ဆောက်ခြင်း ၊ စက်ခန်း ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ

၂။ မိုဘိုင်းတာဝါတိုင်ထောင်ခြင်းလုပ်ငန်းများ

၃။ ခြံစည်းရိုးကာရံခြင်း

**လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဒါရိုက်တာအဖွဲ့ဝင်၏ကြေငြာချက်အရ ၂၀၁၈ ခုနှစ် ၊ မတ်လအထိ ကုမ္ပဏီသည် လုပ်ငန်း၏ ၅၀% ကို ပြီးစီးပြီဖြစ်ပါသည်။

TMH ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များသို့ သိရှိစေလိုသည်မှာ အထက်ဖော်ပြပါ အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းများသည် အဓိကလုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး ကုမ္ပဏီသည် အဆိုပါစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်ပြီး ပြီးစီးမှုအဆင့်အလိုက် ထပ်မံ အသိပေးသွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ
၂၀၁၈ခုနှစ် ၊ မတ်လ (၂၃)ရက်။